# ဂျပန်နိုင်ငံရောက် တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံမှ
# န.အ.ဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးနှင့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအပေါ်
# သဘောထား ထုတ်ပြန်ချက်

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသောအခြေအနေများကို သုံးသပ်ဆွေးနွေးကြပြီး ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံတိုင်းရင်းသားပေါင်းစုံအနေဖြင့် စုပေါင်း၍ ၂၀၀၈ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် အောက်ပါသဘောထား ကြေငြာချက်ကို ထုတ်ပြန်ကြေညာအပ်ပါသည်။

န.အ.ဖ စစ်အုပ်စုသည် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို မျက်ကွယ်ပြုပြီး စစ်အာဏာရှင်များ အာဏာတည်မြဲရေးအတွက် လမ်းပြမြေပုံ (၇) ဆင့်ကို တဖက်သတ် အကောင်အထည်ဖော်နေပါသည်။ ဤသို့အားဖြင့် တိုင်းပြည်၏အခြေအနေသည် ပေါက်ကွဲလုနီးနီး အဆိုးဝါးဆုံးအဆင့်သို့ ရောက်ရှိနေပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသားပါတီများအားလုံး၊ နိုင်ငံရေးအုပ်စုများအားလုံးမှ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရှေးရှုပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အစဉ်တစိုက်တောင်းဆိုနေသော်လည်း န.အ.ဖ စစ်အုပ်စုသည် တိုင်းပြည်၏ အရေးထက် မိမိတို့အာဏာတည်မြဲရေးကိုသာ လုပ်ဆောင်နေပါသည်။

မြန်မာ့နိုင်ငံရေးအခြေအနေသည် နိုင်ငံတကာမိသားစုအရေးဖြစ်လာကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရသော အဆင့်ကို ရောက်ရှိနေပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီသည် တတိယအကြိမ်အဖြစ် မတ်လ(၆)ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိနေပါသည်။ န.အ.ဖ ၏ တုန့်ပြန်ပြောဆိုချက်များသည် တိုင်းပြည်အတွက် ကောင်းသော အလားအလာများ ဖြစ်ပေါ်လာနိုင်ခြင်းမရှိသည်ကို တွေ့နေရပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို န.အ.ဖအနေဖြင့်လိုက်နာရန်၊ န.အ.ဖ၏ အခြေခံဥပဒေမူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့်လက်ခံခြင်းမပြုပဲ၊ မလိုက်နာ၍ မနေရသော ဆုံးဖြတ်ချက်များ ချမှတ်ပြီး မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် တိုက်တွန်းအပ်ပါသည်။

န.အ.ဖ စစ်အုပ်စု၏ တဖက်သတ်ထုတ်ပြန်ကြေငြာသော ၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈ တို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ခြင်းမရှိပဲ စစ်အာဏာရှင်စနစ်တည်မြဲရေးကိုသာ ရှေးရှုနေကြောင်း တွေ့ရပါသည်။

န.အ.ဖ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူ့ဆန္ဒသဘောထားများမပါသောကြောင့် တရားဝင်မှုမရှိသည့်အတွက် ကျွန်ုပ်တို့အားလုံးမှ လုံးဝလက်ခံနိုင် ခြင်းမရှိပါ။ န.အ.ဖ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အသိအမှတ်မပြုနိုင်ကြောင်း ပြင်းပြင်းထန်ထန်ကန့်ကွက်ကြေညာပါသည်။

န.အ.ဖ မှပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အဆိုပြုခြင်းနှင့်ပတ်သက်၍လည်း ပြည်သူတရပ်လုံးအနေဖြင့် ဆန့်ကျင်ကန့်ကွက် ကြပါရန်တိုက်တွန်းအပ်ပါသည်။ ပြည်တွင်းတွင် ပြည်သူများ၏ ဆန္ဒသဘောထားအမှန်ကိုဖော်ထုတ်ခြင်း မပြုဝံ့ရန်အတွက် ဥပဒေအမှတ် ၅/၉၆ ပြဋ္ဌာန်းထားသည့်အပြင် ၃/၂၀၀၈ ကိုလည်းထပ်မံ၍ ထုတ်ပြန်ပြီး ပြည်သူအားလုံးကို အာဏာဖြင့်ခြိမ်းခြောက်ထားပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် ရွေးကောက်ပွဲကျင်းပရေး လမ်းကြောင်းသို့သွားရန်မဟုတ်သေးဘဲ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှ စတင်ရန်သာဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားအုပ်စုများနှင့် န.အ.ဖ စစ်အုပ်စု၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာလျှင် မြန်မာနိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

ကချင်အမျိုးသားအစည်းအရုံး (ဂျပန်) Kachin National Organization (Japan) (KNO-Japan)
ကရင်အမျိုးသားအဖွဲ့ချုပ် (ဂျပန်) Karen National League (KNL)
ချင်းတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်) Chin National Community (Japan) (CNC-Japan)
နာဂအမျိုးသားအဖွဲ့အစည်း (ဂျပန်) Naga National Society (NNS)
ပလောင်အမျိုးသားအဖွဲ့အစည်း (ဂျပန်)Palaung National Society (PNS)
ပုညကာရီ မွန်အမျိုးသားများအဖွဲ့ (ဂျပန်)Punnyagari Mon National Society (PMNS)
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ–ဂျပန်) Arakan League for Democracy (Exile-Japan) (ALD) (Exile-Japan)
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ (ဂျပန်) Shan Nationalities for Democracy (SND)
ကချင်အမျိုးသားမြှင့်တင်ရေးအဖွဲ့အစည်း Kachin National Uplift Society (KNUS)
ပင်လယ်ရပ်ခြားရောက်ကရင်အမျိုးသားများအဖွဲ့အစည်း (ဂျပန်) Oversea Karen Organization - Japan (OKOJ)
ကရင်အမျိုးသားများအစည်းအရုံး (ဂျပန်) Karen National Union (Japan)
ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီကွန်ဂရက် (ဂျပန်) Kachin State National Congress for Democracy (KNCD) (Japan)
ရှမ်းပြည်နယ်တိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ (ဂျပန်)Shan State Nationalities for Democracy (Japan)

*LHK*